

# အခန်းကြီး – ၅
# ပရောဖက်များ


ဣသရေလလူမျိုးတွေဝင်ရောက်လာတဲ့ ဖိလိတ္တိပြည်ရှိ လူများဟာ ဆိုးယုတ်ကြတယ်။ သူတို့ကို ခါနာန်လူမျိုး လို့ခေါ်ပြီး ဣသရေလနဲ့ သဘာဝကားမတူဘူး။ သူတို့ဟာ လူကိုယဇ်ကောင်အဖြစ် ပူဇော်ပြီး၊ ရွှေ၊ ငွေ၊ ကြေး၊ သစ်ဖြင့်ထုလုပ်သော ဘုရားရှေ့မှာ ဦးချရှိခိုးကြတယ်။
ဗာလ အတွက် ဒီကလေးကိုယဇ်ပူဇော်ပါတယ်။ ဤယဇ်အားဖြင့် သင့်အမျက်ပြေစေပါ။
ကျွန်မ စိတ်ဝိညာဉ်ရဲ့ အပြစ်အတွက် ဒီကလေးကိုကျွန်မ ဆက်ကပ်ပါတယ်။
တနေ့နေ့ ငါတို့လည်း ယဇ်ပုရောဟိတ်မင်းကြီးဖြစ်လာပြီး ဒီယဇ်တွေကိုလည်း ပူဇော်ရလိမ့်မယ်။
ဒါကိုမကောင်းပေမယ့် လုပ်နေရတယ်။ ကောင်းတာလုပ်ရင် ကောင်းရာစံပြီး မကောင်းတာလုပ်ရင် မကောင်းရာစံပါ။
သူတို့နောင်တရကြဖို့ ဘုရားသခင်က ယဇ်ပုရောဟိတ်နဲ့ ပရောဖက်တွေကိုလွှတ်လိုက်တယ်။ ဒါပေမယ့် သူတို့ အပြစ်ထဲမှာ သူတို့နစ်မွန်းနေကြတယ်။ နောခေတ်တုန်းကနဲ့ သောဒုံနဲ့ ဂေါမောရခေတ် ကလူတွေကို ဘုရားသခင်စီရင်သလို၊ ခါနာန်ပြည်က လူတွေကိုလည်း ဘုရားသခင်စီရင်လိမ့်မယ်။


ကတိပေးထားတော်မူသောပြည်မှာရှိတဲ့
ရုပ်တုဆင်းတုကို ကိုးကွယ်သူတွေက
ဣသရေလလူမျိုးတွေကို ခုခံ တိုက် ထုတ်ပေမယ့်
ဣသရေလလူမျိုးအတွက် သူတို့ကိုအောင်နိုင်တဲ့
စွမ်းအားကို ဘုရားသခင်က ဖြည့်ဆည်းပေးတယ်။
မင်းဒီမြင့်မြတ်တဲ့နေရာ
ကို ဘာ့ကြောင့် ဝင်လာ
တာလဲ။
ကလေးတွေကို
ခင်ဗျားထပ်မသတ်ရ
တော့ဘူး။
သွေးထွက်သံယို စစ်ပွဲကြီးပြီးနောက်
ဟေဗြဲတွေဟာ သူတို့ရဲ့
ရန်သူကိုချေမှုန်းပြီး သူတို့ရှေ့က
မြေတွေကို သိမ်းပိုက်ပစ်တယ်။
ပြီးတော့ ယောရှု ကလူထုနဲ့
စကားပြောတယ်။
ကျုပ်တို့ရဲ့ အဘိုးကြီးဖြစ်တဲ့ အာဗြဟံ
ဟာရုပ်တုဆင်းတုကိုးကွယ်သူကနေတဆင့်
ပေါက်ဖွားလာတာဖြစ်တယ်။ ဘုရားသခင်က
သူနဲ့စကားပြောပြီး ကြီးမြတ်တဲ့သူ့ရဲ့ နိုင်ငံကို
တည်ပေးမယ်လို့လည်းကတိပေးတယ်။
သူ့ လူမျိုးတွေ အဲဂုတ္တုပြည်မှာ နှစ် (၄၀၀) လောက်သွား
နေရပြီးနောက် အခုသင်တို့ရပ်နေတဲ့မြေပေါ်ကို ဦးဆောင် ခေါ်ထုတ်
လာလိမ့်မယ်လို့လည်း ဘုရားသခင်က သူ့ကိုပြောတယ်။ ဒါတွေဖြစ်ပြီး
နှစ် (၅၀၀) လောက်ကြာပြီးတဲ့အခါ ဘုရားသခင် အာဗြဟံကို
ကတိပေးထားခဲ့တဲ့အတိုင်း အခုဒီမြေပေါ်မှာ ကျုပ်တို့ရပ်နေရပြီ။
အခုဒီမြေပေါ်ရှိ နေရာအသီးသီးမှာ
ဝင်ရောက်အခြေချနေထိုင်ကြပါ။ ဒီမြေပေါ်မှာ
နေခဲ့တဲ့လူတွေလို အပြစ်တွေ မကျူးလွန်ပါနဲ့။
သူတို့ကိုစီရင်သလို ဘုရားသခင်
သင်တို့ကို စီရင်လိမ့်မယ်။

ရောရှုမှတ်စာ ၂၄း၂-၁၄


နယ်မြေသစ်မှာ သူတို့ငြိမ်းချမ်းစွာ နေထိုင်ကြတယ်။လူတိုင်းကိုယ်ပိုင်လယ်မြေရှိပြီး၊ စားသောက်စရာတွေ ပေါကြွယ်ဝလှတယ်။ တခြားသူတွေထက် ဘုရားသခင်သူတို့ကို ကောင်းချီးပေးတယ်။
ညနေစာ အဆင်သင့်ရှိပြီ။
ဒီကျောက်ကို ကော်ထုတ်လို့ပြီးပြီးချင်း လာမယ်ဟေ့။


ဘုရားသခင် ကတိပြုထားခဲ့တဲ့အတိုင်းဘဲ ဟေဗြဲ လူမျိုးတွေပွားများလာပြီး တနယ်လုံးပြည့်သွားတယ်။ မြို့တွေ မှာလဲဖြောင့်မတ်တဲ့ တရားစီရင်မှုတို့ကို ပြုကြတယ်။ ဒီလူမျိုးသစ်ကိုလည်း ဣသရေလလူမျိုးလို့ သမုတ်ကြတယ်။
မင်္ဂလာပါညီမ၊ ဒီနေ့ ငါးဘယ်လိုလဲ။
ခါတိုင်းလို ပင်လယ်ထဲက လတ်လတ်ဆတ်ဆတ် လေးရထားတယ်ရှင့်။





ထွက်မြောက်ရာကျမ်း ၂၁း၂၈–၂၉။ ရောရှုမှတ်စာ ၂၄း၁၅–၂၄





တရားသူကြီးမှတ်စာ ၃း၇–၈၊ ၁၂–၁၃၊ ၄း၁–၂၊ ၁၀း၆–၇


လူတွေအပေါ်ဘုရားသခင်ရဲ့ စိရင်ချက်ကျတော့
သူတို့ဟာ ဥပဒေကိုအမှတ်ရပြီး၊ မိမိအပြစ်တွေကို
ဝန်ခံကြတယ်။
ယေဟောဝါ ဘုရားရှင်
ကျွန်တော်မျိုးတို့ရဲ့
အပြစ်ကိုဖြေလွှတ်ပြီး၊
ငြိမ်သက်ခြင်းကိုရစေပါ။
သူတို့အပြစ်ကို ဝန်ခံခြင်းဖြင့်
ခွင့်လွှတ်ခြင်းခံရပြီး သူတို့ရဲ့နယ်မြေ
တွေကိုလည်းပြန်လည်ပေးအပ်တယ်။


ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို
လေ့လာပြီး လူတွေကိုလမ်းညွှန်ပေးနေတဲ့
တရားသူကြီးတွေရဲ့ ဦးဆောင်မှုကို
လူတွေကငြီးငွေ့လာတဲ့အတွက်၊ လူတွေဟာ
သူတို့ရဲ့ဘုရင်ကိုတင်မြှောက်ဖို့ဆုံးဖြတ်
လိုက်ကြတယ်။
ရှမွေလ လို့ခေါ်တဲ့ ပရောဖက်နဲ့ တရားသူကြီးက
ဘုရင်ကိုတင်မြှောက်ခြင်းဖြင့် ဘုရားသခင်ဟာ သူတို့ရဲ့အရှင်
အဖြစ်ငြင်းပယ်ရာရောက်ကြောင်းကို သတိပေးသော်လည်း
လူတွေကယုံကြည်ခြင်းနဲ့အညီ အသက်မရှင်လိုကြဘူး။
ရှောလုဘုရင်ဟာ သူတို့ကိုဖိနှိပ်တယ်၊ သူတို့ရဲ့ငွေကိုယူတယ်၊
ပစ္စည်းကိုသိမ်းတယ်၊ သူတို့ရဲ့သားတွေကို ကျွန်ပြုပြီး
သူတို့ရဲ့သမီးတွေကို စော်ကားတယ်။
တိုင်းပြည်ကောင်းစားရေးအတွက်
သင့်မြေကိုသိမ်းပိုက်မယ်။ သင်တို့ရဲ့
သမီးတွေကို ဒီမှာချန်ထားပါ။ ငါတို့
ကောင်းကောင်းကြည့်ရှုပေးမယ်။





ဓမ္မရာဇဝင် (ပ) ၁၈း၁၀–၁၁၊ ၃၁း၄၊ ၁၆း၁–၁၃။ ဆာလံ ၂၃း၁–၃









ဓမ္မရာဇဝင် (၃) ၂း၄။ ဆာလံ ၁။ တမန်တော် ၁၃း၂၂–၂၃




ဓမ္မရာဇဝင် (၃) ၇း၁၂–၁၆။ ဆာလံ ၂၂း၁၄–၁၈၊ ၇၂း၁–၂၀




ဓမ္မရာဇဝင် (တ) ၁၂း၂၀၊ ၂၈–၂၉။ ဆာလံ ၂း၇၊ ၁၂၊ ၂၂း၆၊ ၁၄–၁၆၊ ၄၀း၈၊ ၇၈း၂၊ ၄၅း၆–၇၊ ၈၉း၂၆–၂၇၊ ၁၁၀း၁၊ ၄၊ ၁၃၂း၁၁







ဓမ္မရာဇဝင် (တတိယ) ၁၂း၂၈၊ ၁၃း၁–၂




ဓမ္မရာဇဝင် (တ) ၁၃း၂-၆


ခရက် ... ဒုန်း
အီး ...
ကယ်ပါဦး ...
ယေဟောဝါ ဘုရား၊
မြန်လှချည်လား ...


သူငါ့ရဲ့ ဘုရားတွေကို
ဖျက်ဆီးပစ်ပြီ။ ဘာမှ
မကျန်တော့ဘူး။
သင်ဟာ ဘုရားသခင်ရဲ့ လူအစစ်ဘဲ။ ဗာလရဲ့
ပရောဖက်တွေ ဒါမျိုးတခါမှမလုပ်နိုင်ခဲ့ဘူး။
ကျုပ်နဲ့အတူလာပါ။ ကျုပ်နဲ့စားသောက်ပြီးရင်
ဘုရားသခင်ရဲ့ ကြီးမြင့်တဲ့ ဂုဏ်တော်ကို
ဒီနေ့သင်စွမ်းဆောင်ခဲ့တဲ့အတွက်သင့်ကိုဂုဏ်
ပကာသနတွေ ကျုပ်ချီးမြှင့်မယ်။
ကျွန်တော်မသွားပါဘူး။
ဒီဣသရေလတိုင်းပြည်မှာ ရှိစဉ်အတွင်း
ဘုရားသခင် ကျွန်တော့်ကို ဘာမှမစားမ
သောက်ခိုင်းဘူး။ လာရာလမ်းကနေလည်း
ပြန်မလှည့်ခိုင်းဘူး။
ဒါပေမယ့် ယဇ်ပလ္လင်ပေါ်မှာ
ယဇ်ပုရောဟိတ်အရိုးတွေ
မီးရှို့ခြင်းခံရမယ်လို့ သင်ပြောခဲ့တယ်။
ပလ္လင်သာပျောက်သွားတယ်၊
ဘယ်သူမှမသေသေးပါလား။
ဒါဟာ ဘုရားသခင်ပြောတာပါ။
ကျွန်တော့်စကား မဟုတ်ပါဘူး။


ဘုရားသခင်မိန့်မှာခဲ့တဲ့အတိုင်း ဘုရားရဲ့ပရောဖက်ဟာ တခြားလမ်းကနေပြန်လာခဲ့တယ်။ မစားမသောက်ရတာ နှစ်ရက်ရှိပြီဖြစ်တဲ့အတွက် သူဟာဆာလောင်မွတ်သိပ်လျက်ရှိတယ်။ သူဘယ်ကိုသွားနေသလဲဆိုတာ အဲ့ဒီနေ့မှာနွားရုပ်ကို ကိုးကွယ်တဲ့လူနှစ်ယောက်က နောက်ယောင်ခံလိုက်တယ်။
အဖေ၊ သားသာမမြင်ခဲ့ရရင် ယုံမှာမဟုတ်ဘူး။ ဟိုးအရင်ခေတ်က ဣသရေလပရောဖက် အတိုင်းဘဲ။
အဖေ၊ သူပြောတာမှန်တယ်လို့ထင်လား။ ယေဟောဝါ ဟာအသက်ရှင်တဲ့ တစ်ဆူတည်းသောဘုရားလား။ သား တို့ရဲ့ဘုရားဟာ ဘာမဟုတ်တဲ့သစ်သားနဲ့ ရွှေတွေဘဲလား။
အမြန်လုပ်၊ မြင်းကုန်းနှီးကိုပြင်ထား။ သူ့ကိုငါတို့ရှာရမယ်။
ယေဟောဝါရဲ့ ပရောဖက် သစ်ပင်အောက်မှာထိုင်နေတာကို တွေ့ရတယ်။ ဒီလိုစွမ်းအားကြီးတဲ့သူနဲ့ သူရင်းနှီးချင်တယ်။ တခါကသူလည်း ယေဟောဝါရဲ့ပရောဖက်ဖြစ်ခဲ့ပေမယ့် တိုင်းပြည်ကြီးနှစ်ခြမ်းကွဲတဲ့အခါ သူဟာသူ့တိုင်းပြည်ရဲ့ ရုပ်တုဆင်းတုကိုးကွယ်မှုနောက်ကို လိုက်မိလျက်သားဖြစ်နေတယ်။ သူ့ရဲ့ဆင်ခြေကတော့ “ဘာသာရေးအားလုံး ကအတူတူဘဲမဟုတ်လား”
ခင်ဗျားဟာ ယုဒက ဘုရားသခင်ရဲ့ ပရောဖက်ဖြစ်မှာဘဲ။ ခင်ဗျားနွမ်းနယ်နေတယ်။ ခင်ဗျားကို စားသောက်စရာနဲ့ ဧည့်ခံဖို့ ကျုပ်အိမ်ကိုလာပါလား။
ကျွန်တော်မလာနိုင်ဘူး။ ဒီနေရာမှာ ဘာမှမစားမသောက်ဖို့ ဘုရားသခင် ကျွန်တော့်ကို မှာထားခဲ့တယ်။
ဒါပေမယ့် တွေ့လား၊ ကျုပ်လည်းပရောဖက်တပါး ဖြစ်ခဲ့တာဘဲ။ ဒီနေ့မနက်ဘဲ ယေဟောဝါ ရဲ့တမန်တော်က ခင်ဗျားကိုစားသောက်စရာနဲ့ ဧည့်ခံဖို့ကျုပ်ကိုမှာထားခဲ့တယ်။
ကျေးဇူးတော်ဘဲ ဘုရားသခင်၊ ကျွန်တော်လည်း ရေငတ်နေတယ်။
စားလို့အင်မတန်ကောင်းလှပါတယ်။ ဒါပေမယ့် ကျွန်တော်လည်း ယုဒပြည်ကိုပြန်စရာရှိသေးတယ်။
“ငါ့ရဲ့မှာထားချက်ကို သင်မနာခံဘဲ၊ အဲဒီနေရာမှာ သင်စားသောက်ခဲ့တဲ့အတွက် သင့်ရဲ့ခန္ဓာဟာ ယုဒရှိသင့် မိသားစုရဲ့ ဂူသင်္ချိုင်းမှာ သင်္ဂြိုဟ်ခံရခွင့်ရတော့မှာမဟုတ်ဘူး” လို့ ယေဟောဝါကပြောတယ်။
ပါးပါး နိမိတ်ဖတ်နေတာဘဲ။ ဘုရားသခင်က ပါးပါးကို စကားပြောခဲ့သလား။
ဟုတ်တယ် ငါ့သား။ နှစ်များအတွင်း ဒါအရင်ဆုံးဘဲ။
ဒါဆိုသူသေရမှာ ပေါ့နော်။
ငါကြောက်တယ်၊ ဒါငါ့အမှားပဲ။




ဓမ္မရာဇဝင် (တ) ၁၃း၂၃–၃၁။ ဓမ္မရာဇဝင် (စတုတ္ထ) ၂၁း၂၄၊ ၂၂း၈–၁၁၊ ၁၃း၁–၃


လူအပေါင်းတို့ဟာ ဘုရားသခင်ရဲ့ ဥပဒေကိုနာခံပြီး
ပြည်တွင်းမှာရှိတဲ့ ရုပ်တုဆင်းတုတွေကို ဖျက်ဆီးပစ်တယ်။
နေ၊ လနဲ့ ကောင်းကင်ဘုရင်မကို အမွှေးနံ့သာပူဇော်တဲ့
ယဇ်ပုရောဟိတ်တွေအားလုံးကိုလည်း သတ်ပစ်တယ်။
မယ်တော်ရယ်၊ငါတို့ကို
ကယ်တော်မူပါ။
ဘုရားသခင်ရဲ့ ဥပဒေတော်က
လိင်တူဆက်ဆံခြင်းကို ခွင့်မပြုတဲ့အတွက်
သောဒုံ ပြည်သားတွေဟာ ပြည်တွင်း
ကနှင်ထုတ်ခြင်းကို ခံခဲ့ရတယ်။
ခံရခက်တယ်။
ဝိညာဉ်တွေ၊ ဗေဒင်တွေနဲ့ မှော်အတတ်တွေကို
ကိုးကွယ်တဲ့နယ်မြေအားလုံးကိုလည်း
ရှင်းလင်းသန့်စင်ပစ်တယ်။
သူ့ရဲ့ဖန်လုံးကိုခွဲပစ်ပြီး၊
သူ့အိမ်ကိုမီးရှို့ပစ်လိုက်။


လွန်ခဲ့တဲ့နှစ် (၃၀၀) က
ဣသရေလရဲ့ပထမဦးဆုံးဘုရင်
ယေရောဗောင်မင်းကြီးကို
ပရောဖက်တွေ့ခဲ့တဲ့ကုန်းမြင့်
ပေါ်ကိုတက်သွားတယ်။
သူတို့ဟာ ယဇ်ပလ္လင်ကိုဖြိုချတယ်၊
ရုပ်တုတွေအားလုံးကို
ဖျက်ဆီးပစ်ပြီး သစ်ပင်အားလုံးကို
ခုတ်ပစ်ကာ ရှိသမျှ
အားလုံးကိုအမှုန့်ချေပစ်တယ်။
ဘုရားဟာ တစ်ဆူတည်းရှိပြီး သူ့ကို
ရုပ်တုဆင်းတုအားဖြင့်ကိုးကွယ်လို့မရဘူး။
ပရောဖက်အတုတွေဟာ လူတွေကို
ယေဟောဝါနဲ့ဝေးရာဆီ
ခေါ်ဆောင်သွားကြတာဖြစ်တယ်။
မင်းသေရမယ်။
တဖန်ယဇ်ပလ္လင်ဟာ
အက်ထွက်ပြီးပြာမှုန့်တွေ
ပန်းထွက်လာတယ်။
ယဇ်ပုရောဟိတ်အတုအယောင်
အားလုံး အသတ်ခံရပြီး
သူတို့ရဲ့အလောင်းတွေကို
ယဇ်ပလ္လင်ပျက်ကြီးပေါ်မှာ
မီးရှို့ခြင်းခံရကြတယ်။
ယဇ်ပုရောဟိတ်အတုအယောင်တွေ
ရဲ့သင်္ချိုင်းကတော့အနီးအနားမှာရှိတ
ယ်။အဲဒါကိုလူတွေမကိုးကွယ်ဖို့ရန်
ယောရှိမင်းဟာသူတို့ရဲ့အရိုးကိုတူး
ထုတ်ပြီး ယဇ်ပလ္လင်ပေါ်မှာ
မီးတိုက်ပစ်တယ်။



အရိုးတွေအားလုံး ကိုမီးရှို့ပစ်လိုက်။
ဒါပေမယ့် အရှင်၊ ဒီအုတ်ဂူဟာ ဒီနေ့ဖြစ်လာမယ့်အခြေအနေကို ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း (၃၀၀) တုန်းကပရောဖက်ပြုခဲ့တဲ့ယုဒပြည်က ဘုရားသခင်ရဲ့ လူရဲ့အုတ်ဂူဘဲ။
ဒီနေ့အရှင်မင်းကြီးလုပ်ခဲ့တဲ့ အရာအားလုံးကို ယောရှိမင်းက လုပ်လိမ့်မယ်လို့ ပရောဖက်ပြုခဲ့ပါတယ်။
ဒါဆို သူတစ်ယောက်တည်းရဲ့ အရိုးကိုချန်ထားပြီး၊ အခြားအရိုးတွေကို မီးတိုက်ပစ်။ ဘုရားသခင်ရဲ့ ကောင်းချီးခံစားရဖို့ ဒီရုပ်တုဆင်းတုကိုးကွယ်မှုတွေ ချုပ်ငြိမ်းဖို့လိုတယ်။
ဘုရားသခင်ရဲ့လူ ပြောခဲ့တဲ့အတိုင်း ဒီနှစ် (၃၀၀) ကြာတဲ့ ဗျာဒိတ်ဟာပြီးပြည့်စုံခဲ့တယ်။




ဒီလိုနဲ့ ရုပ်တုဆင်းတုကိုးကွယ်မှုတွေ ချုပ်ငြိမ်းတော့ ယောရှိမင်းကြီးဟာ လူအပေါင်းတို့ကို ဘုရားသခင်က သူတို့ ရဲ့ဘိုးဘေးတွေကို အဲဂုတ္တုပြည်က ကယ်နုတ်ပြီး ဒီမြေကိုပေးအပ်ခဲ့တဲ့နေ့ကို အမှတ်ရစေဖို့ ပသခါပွဲကိုပြုလုပ်စေတယ်။
ဘုရားတကာတို့ရဲ့ ဘုရား၊ စကြဝဠာရဲ့အရှင် ကမ္ဘာမြေကြီးကိုပိုင်စိုးသော ဘုရားရှင်၌ မင်္ဂလာရှိ စေသတည်း။
အဖေ၊ ဒီနေ့ဟာ အခြားနေ့တွေနဲ့ဘယ်လို ကွာခြားသလဲ။
ဒီလိုနဲ့ ဖခင်ကြီးဟာ သူ့သားကို ဘုရားသခင်က သူတို့အား အဲဂုတ္တုပြည်ထဲကကယ်ထုတ်လာပုံ၊ လိုက်လျှောက်ရမယ့်ဥပဒေနဲ့ ဝတ်ပြုရာနေရာပေးခဲ့တာတွေကို ရှင်းပြတယ်။ တံခါးဘောင်ပေါ်က သွေးတွေဟာ သားဦးတွေကိုဖျက်ဆီးခြင်းတမန်ရဲ့ လက်က ကင်းဝေးစေတာကို ဆက်လက်ပြောပြတယ်။ ဒါဟာ ပြုခဲ့သမျှသောပသခါထဲက အကြီးမြတ်ဆုံးဘဲ။




ဓမ္မရာဇဝင် (တတိယ) ၁၆း၂၈၊ ၃၁၊ ၁၈း၄




ဓမ္မရာဇဝင် (တ) ၁၇း၁၊ ၁၀–၁၆




ဓမ္မရာဇဝင် (တ) ၁၇:၁၇–၂၄




ဓမ္မရာဇဝင် (တတိယ) ၁၈း၁၊ ၄း၁၇–၂၀


ဗာလ အတွက်ယဇ်ပလ္လင်တစ်ခုကိုဆောက်ပါ။ ကျုပ်က ယေဟောဝါ အတွက်ဆောက်မယ်။ ယဇ်ပလ္လင်ပေါ် ထင်းတွေတင်ပြီးရင်၊ ထင်းတွေအပေါ် ယဇ်ကောင်ကိုတင်ကြမယ်။ ဒါပေမယ့် လုံးဝမီးမရှိဘူး။
ခင်ဗျားက ဗာလ ကိုဆုတောင်းပါ။ ကျုပ်က ယေဟောဝါ ကိုဆုတောင်းမယ်။
ယဇ်ပူဇော်ဖို့ မီးကိုချပေးမယ့် ဘုရားသာလျှင် စစ်မှန်တဲ့ဘုရားဖြစ်တဲ့အတွက် သူ့ကိုသာလျှင်ကိုးကွယ်ရမယ်။ ခင်ဗျားတို့က လူအုပ်ကြီးတဲ့အတွက်၊ ခင်ဗျားတို့အရင်စလုပ်ပါ။
အိုး – ဗာလ ဒီနေ့ကျွန်ုပ်ကို နားညောင်းပါ။ သင့်ရဲ့ကြီးမြတ်တဲ့ နာမတော်အားဖြင့် ဒီယဇ်ကို ကျွန်ုပ်တို့ပူဇော်အပ်ပါတယ်။
အိုး – ကြီးမြတ်တဲ့ ဗာလ ဘုရား ...
အိုး – ကောင်းကင်ရဲ့ အရှင်သခင်မ၊ ဒီကနေ့ ဗာလကို လာရောက် ကူညီတော်မူပါ။
ဗာလသာဘုရားဖြစ်ရင်၊ သူဟာခင်ဗျားတို့ကိုလည်း အရေးမစိုက်ပါလား။ အခန့်မသင့် သူဟာစကားပြောနေပြီး ခင်ဗျားတို့ကိုမကြားတာဖြစ်မယ်။ ဒါမှမဟုတ် ခရီးထွက်ရင်ထွက်၊ မဟုတ်ရင် အိပ်နေတာဖြစ်ရမယ်။
ရှင်းနေတာဘဲ။ သူအိပ်နေတာဖြစ်ရမယ်။ သူကြားအောင် ကျယ်ကျယ်လေး အော်ကြ။
အသုံးမကျတဲ့ ကောင် ––ဘာမှလည်း မလုပ်တတ်ဘူး။
ကိုယ့်လူတွေ အရှုံးမပေးပါနဲ့။ ငါတို့အသားနဲ့ ပူဇော်ရင် ဗာလ ကျေနပ်မှာပါ။


ဗာလ ပရောဖက်တွေဟာ ထုပုလာ ကြပြီးမြေကြီးပေါ်မှာ လူးလှိမ့်နေကြတယ်။ ဗာလကြားအောင်လည်း သူတို့ရဲ့ အသားတွေကို လှီးဖြတ်ပြီးအော်ကြတယ်။
ယီး …
အိုင်း အီး …
ကျုပ်ရဲ့သွေးကို ပူဇော်အပ်ပါတယ် ဗာလဘုရား။ ကျုပ်တို့ကိုနားညောင်းပြီး မီးကိုချပေးသနားတော်မူပါ။ သင့် ကိုယ်သင်ပြန်ကယ်နုတ်ပါ။
အီး


ဟ–ဟ၊ ကြည့်ပါအုံး။ ကိုးနာရီလုံးလုံး ခင်ဗျားတို့ အော်ခေါ်နေတဲ့ဘုရားက ခင်ဗျားတို့ကိုပြန်မထူးဘူး။ သူသာ ဘုရားဖြစ်ရင် သူဟာကျိန်းသေပေါက် ဘုရားဖြစ်ကြောင်း သက်သေထူမှာဘဲ။
အခု ကျုပ်အလှည့်ဘဲ။ ကျုပ်ဘာလုပ်သလဲဆိုတာကို ဒီမှာသေသေချာချာလာကြည့်။
အို – ဗာလအရှင် ဘာ့ကြောင့် သင်ပြန်မထူးတာလဲ။







ဓမ္မရာဇဝင် (တ) ၁၈:၃၂-၃၄




ဓမ္မရာဇဝင် (တ) ၁၈း၃၅–၃၈




ဓမ္မရာဇဝင် (တ) ၁၈း၃၈–၄၀




ဓမ္မရာဇဝင် (တ) ၁၈း၄၀-၄၁၊ ၄၄-၄၆၊ ၁၉း၁




ဓမ္မရာဇဝင် (တ) ၁၉း၁–၄




ဓမ္မရာဇဝင် (တ) ၁၉း၄၊ ၈–၁၂


ဒီလိုနဲ့ လေပြင်း၊ လျှော်နဲ့မီးတွေအားလုံးငြိမ်းသတ်သွားတဲ့အခါ ဘုရားသခင်ရဲ့ တိုးညှင်းတဲ့အသံတော်ကို လေလိယကြားရတယ်။ စောစောက လေလိယကို မေးခဲ့တဲ့မေးခွန်းကိုဘဲပြန်မေးတယ်။
လေလိယ ဒီနေရာမှာ သင်ဘာလုပ်တာလဲ။
လေလိယ ဘာမှသဘောမပေါက်သေးဘူး။ သူ့ကိုယ်သူဘဲပြန်သနားနေပြီး စောစောက အတိုင်းဘဲပြန်ဖြေတယ်။
ကျွန်ုပ်မှလွဲပြီး အားလုံးဟာ ကိုယ်တော့်ရဲ့ ဥပဒေကို မျက်ကွယ်ပြုကြတယ်။ ကိုယ်တော့်ရဲ့ ပရောဖက်တွေအားလုံးလည်း အသတ်ခံရပြီ။ ကိုယ်တော့်ကို ကိုးကွယ်ဖို့တစ်ဦးတည်းသာ ကျန်တော့တဲ့ ကျွန်ုပ်ကိုသူတို့က ရှာသတ်ကြတယ်။
ကောင်းပြီ။ သင်ဒါကိုဘဲ လက်ခံထားမယ်ဆိုရင် လေရှဲကိုသွားရောက် ဘိသိက်ပေးပြီး သင့်နေရာကို ဆက်ခံစေပါ။
သင်မသိသေးသော်လည်း ဣသရေလပြည်မှာ ဗာလကိုဦးမချတဲ့၊ သူ့ခြေတော်ကိုမနမ်းတဲ့ ပရောဖက်အပါး (၇၀၀၀) ရှိပါတယ်။ အခုသင့်လမ်းသင်ဆက်သွားပါ။ အာဟပ်ရဲ့မိသားစုအားလုံးသေစေရမယ်။


နွားနဲ့လယ်ထွန်နေတဲ့ လေရှဲကို လေလိယ ရှာတွေ့ပြီး ပရောဖက်အနေနဲ့ ဘိသိက်ပေးလိုက်တယ်။
သင်ဟာ ဘုရားသခင်ရဲ့ ပရောဖက်ဖြစ်ကြောင်း သူက မှာလိုက်တယ်။
ကျွန်ုပ်ရဲ့ နွားထီးကို ဘုရားသခင်ကို ဆက်ကပ်ပြီး သင့်နောက် ချက်ချင်းလိုက်လာပါမယ်။




ထွက်မြောက်ရာကျမ်း ၂၀း၁၇။ ဓမ္မရာဇဝင် (တ) ၂၁း၁–၇




ထွက်မြောက်ရာကျမ်း ၂၀း၁၆။ ဓမ္မရာဇဝင် (တ) ၂၁း၁၀–၁၆


လေိယ၊ အာဟပ်ဟာ နာဗုတ်ရဲ့စပျစ်ခြံကိုသွားရောက် အပိုင်စီးတော့မယ်။ သူ့ကိုအဲဒီမှာသွားတွေ့ပါ။ သူ့ကို ဒါတွေသွားပြောပေးပါ။
မင်းကြီးအာဟပ်၊ သင့်အားပြောဖို့ရန် ဘုရားသခင်ကျွန်ုပ်ကို မှာထားတာကတော့ သင်ဟာအပြစ်မဲ့တဲ့သူကို သတ်ပြီးသူ့ပစ္စည်းကို သိမ်းပိုက်တယ်။ ဒါအပါအဝင်သင့်ရဲ့ အခြားအပြစ်များအတွက် ဒီနေရာမှာ နာဗုတ်ရဲ့သွေး တွေကိုခွေးတွေလျက်သလို သင့်သွေးကိုလည်း ခွေးတွေလျက်လိမ့်မယ်။
ကျုပ် ရန်သူတွေ ကျုပ်ကို ဒီမှာ တွေ့ပြီလား။
ဘုရားသခင်ဆီက သင်ပုန်းလို့ရမှာ မဟုတ်ဘူး။ သူ့ပစ္စည်းကိုပိုင်ဆိုင်ရဖို့ သူ့အသက်ကို သင်သတ်တဲ့အတွက် သင့်မိသားစုအပေါ်ဘုရားသခင် မာရ်နတ်ဆိုး ကိန်းဝပ်စေမယ်။ ကလေးငယ်များအပါအဝင် သင့်မိသားစုနဲ့ ဆွေမျိုးအားလုံးသေရလိမ့်မယ်။
ဘုရားသခင် အမျက်ထွက်အောင် သင်လုပ်ခဲ့တယ်။ နန်းတော်နံဘေးမှာ ယေဇဗေလ ကိုခွေးတွေစားလိမ့်မယ်။ သင့်မိသားစုဝင် တွေမြို့ထဲမှာ သေရင်၊ သူတို့ကိုခွေးတွေ စားလိမ့်မယ်။ သူတို့တောထဲမှာသေရင် လင်းတတွေသူတို့ကိုစားလိမ့်မယ်။ ဘယ်သူမှ တင့်တယ်စွာသင်္ဂြိုဟ်ခြင်းခံရမှာမဟုတ်ဘူး။
ဒါဟာဘုရားရဲ့စကား တွေဘဲ။ ဒါတွေအားလုံး ပြီးပြည့်စုံလာလိမ့်မယ်။
မလုပ်ပါနဲ့ အုံး။ ယေဟောဝါကို ကျွန်တော် အခုကစပြီး ပူဇော်ပါတော့မယ်။




ဓမ္မရာဇဝင် (တ) ၂၁း၂၇၊ ၂၂း၆-၂၂


မင်းထင်တာကတော့၊ ယေဟောဝါရဲ့ ဝိညာဉ်က ကျုပ်က နေခွာပြီး မင်းနဲ့စကား ပြောတယ်ပေါ့။
ဖြန်း...
သင်ဟာ ကြောက်ဒူးတုန်စွာနဲ့ ကိုယ့်အသက်အတွက် အတွင်းခန်းထဲမှာ ပုန်းနေရတဲ့အချိန်မှ ယေဟောဝါ ရဲ့ ဝိညာဉ်ဟာ ဘယ်သူနဲ့အတူရှိတယ် ဆိုတာကို သင်သိရလိမ့်မယ်။
ဒါကဘာလဲ။ နောက်ထပ် ဗျာဒိတ်တော်လား၊ ဟ
ဒီလူကိုအချုပ်ထဲထည့်ပြီး ငါတိုက်ပွဲက ပြန်လာတဲ့အထိသူ့ကို မသေရုံတမယ် အစာကျွေးထားပါ။ ပြီးရင်သူ့ကို ကျုပ်တို့သတ်ပစ်မယ်။
သင်သာတိုက်ပွဲက အသက်ရှင်လျက်ပြန်လာရင် ကျုပ်ဟာ ပရောဖက်အတုဖြစ်ပြီး၊ သေဒဏ်ကျခံထိုက်ပါတယ်။
ဒါဟာကောင်းတဲ့အကြံဘဲ။ အရှင်မင်းကြီး ကိုယ့်ကိုယ်ကို သာမန်စစ်သားလို ဘဲဝတ်ဆင်ပါ။ ကျွန်ုပ်တို့ရဲဘော်တွေ စွမ်းစွမ်းတမံစွမ်းဆောင်နေချိန်မှာအရှင့်ကို ဘုရင်ဖြစ်ကြောင်း ဘယ်သူမှသိမှာမဟုတ်ဘူး။ အရှင်မင်းကြီးပြန်ရောက်လာတဲ့အချိန်ကျရင် အဲ့ဒီပရောဖက်ရဲ့ မျက်နှာကိုကျွန်ုပ်တွေ့ချင်လိုက်တာ။
မှန်တယ်။ ပြီးတော့ ဒီသံချပ်အင်္ကျီဟာ မြှားတွေရဲ့ ရန်ကကျုပ်ကို ကာကွယ်ပေးလိမ့်မယ်။


စစ်သားတစ်ယောက်ဟာ မြှားကို
ရန်သူရှိတဲ့နေရာကိုသာ ရမ်းသမ်းချိန်လိုက်ပြီး
သူတို့ထဲက တယောက်ယောက်
ကိုထိပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့လေထဲကို
မြောက်ပြီး အမြင့်ကြီးပစ်တင်လိုက်တယ်။
ဒုတ် ...
အု ...
ဘာ ...
အမြန်မောင်းစမ်း။ ဒီမှာသွေးတအား ထွက်နေတယ်။
အားတင်း ထား ...




ဓမ္မရာဇဝင် (တ) ၂၂:၃၇–၃၈။ ဓမ္မရာဇဝင် (စတုတ္ထ) ၉:၈–၁၀




ဓမ္မရာဇဝင် (စတုတ္ထ) ၉း၃၀။


ငါဒီမှာရပ်နေမယ်။ ဒါမှငါ့မှာအာဏာရှိတယ်ဆိုတာသူတို့သိလိမ့်မယ်။
ဘယ်သူငါ့ဘက်မှာရှိလဲ။
ဗိုလ်ချုပ်နဲ့အတူ ကျုပ်တို့ရှိပါတယ်။
ဒါဆိုရင် ယေဇဗေလ ကိုတွန်းချပစ်လိုက်။
ရှင်ဒီလိုလုပ်လို့မရဘူး။ ကျွန်မဟာဘုရင်မဘဲ။
အိး ...


ဘုရားသခင်ရဲ့ပရောဖက်ပြောခဲ့သလိုဘဲ ခွေးတွေဟာ သူမလင်ရဲ့သွေးတွေကို လျက်တဲ့နေရာမှာဘဲ၊ ယေဇဗေလရဲ့ အသားကိုစားပြီးသူမရဲ့သွေးကိုလျက်စား ကြတယ်။
သူ့အလောင်းကို ဒီအတိုင်း ထားထားလိုက်။
ဒါပေမယ့် ခွေးတွေဟာကောက်ကျစ်မှုပေါင်း များစွာကို ကျူးလွန်ခဲ့တဲ့သူမရဲ့ လက်ကိုတော့မစားကြဘူး။
ပရောဖက်တွေ ပြောထားခဲ့တဲ့အတိုင်းဘဲ အာဟပ်မင်းရဲ့ကလေးတွေအားလုံးကိုမြို့ထဲကလူတွေသတ် ပစ်ကြကုန် တယ်။ သူ့မိသားစုဝင်တစ်ယောက်မှ မကျန်တော့ဘူး။
ကွင်းထဲမှာသေတဲ့သူတွေကို လင်းတတွေ ကစားပြီး၊ မြို့ထဲ မှာသေတဲ့သူတွေကို ခွေးတွေကစားတယ်။ မြေမြှုပ်ဖို့ ဘာတစ်ခုမှမကျန်ဘူး။ အပြစ်ရဲ့ အဖိုးအခကသေခြင်းဆိုတာအစစ်အမှန်ဘဲ။



လေလိယ ဘုရားဆုတောင်းနေစဉ်မှာဘဲပရောဖက် လုလင်လေးတွေဟာ လေလိရဲ့ထံသို့လာပြီးသတင်းပို့ကြတယ်။
ဘုရားသခင်ဟာ အချို့သောပရောဖက်လုလင်တွေနဲ့ စကားပြောခဲ့တယ်။ ဒီနေ့ခင်ဗျားရဲ့ဆရာ လေလိယကို ဘုရားသခင် ကောင်းကင်ဘုံပေါ် ပင့်ဆောင်သွားမှာကို ခင်ဗျားသိပြီလား။
ဟုတ်ကဲ့၊ ဘုရားသခင်ကျုပ်ကိုလည်း ပြောထားတယ်။တိတ်တိတ် နေကြ၊ ဒါကိုလျှောက် မပြောကြနဲ့တော့။
လေလိရဲ့ သင်ဒီမှာနေရစ်ပါ။ ငါ ယေရိခေါကို သွားမယ်။
ဘုရားသခင်ရှိသရွေ့ ဆရာ့ကိုကျွန်ုပ်မျက်စိအောက် က အပျောက်မခံနိုင်ပါ။ ဆရာသွားရာနေရာကို ကျွန်ုပ်သွားမယ်။
ခင်ဗျားရဲ့ဆရာ လေလိယ ကောင်းကင်ပေါ်ကိုဒီနေ့ပင့် ဆောင်ခြင်းခံရမှာကို ခင်ဗျားသိပြီလား။
ကျုပ်သိပါတယ်။ သိရင်လည်းကိုယ့်ဘာသာကိုယ်နေပါ။ ကျုပ်တို့ကိုအနှောင့်အယှက်မပေးပါနဲ့။ သူ့ကို ကျုပ်မျက်စိအောက်က နေအပျောက်ခံလို့မဖြစ်ဘူး။
ဒီ ယေရိခေါ မှာနေခဲ့ပါ။ ကျုပ် ဂျော်ဒန်မြစ်ကို ခဏဆင်းလိုက်ဦးမယ်။
ဘုရားသခင်နဲ့ ဆရာရှိသမျှ ဆရာ့ကိုကျွန်တော်မချန်ထားဘူး။
တချို့ပရောဖက်တွေ ငါတို့နောက်ကို လိုက်လာပြန်ပြီ။
မြစ်ကို ငါတို့ ဘယ်လိုဖြတ်ရမလဲ။ ဒီနေ့ရေကြီးတယ်။
ကုန်းပေါ်ကနေ ဖြတ်မှာပေါ့။


ဖြန်း ...
ဟယ် ...
ရေတွေကွဲထွက်သွားပြီး အဲ့ဒီကြားထဲကသူတို့ဖြတ်လျှောက်သွားတာကို ခင်ဗျားတွေ့လား။
အေးတွေ့တယ်။ မောရှေ တုန်းကလိုဘဲ။
ဒါကိုတွေ့လိုက်ရတာ ငါကျေနပ်ပြီ။
ဗာလ ရဲ့ပရောဖက်တွေကို ကျုပ်မြင်စေချင်ပါဘိ။
ဒီကနေ ငါမထွက်ခွာသွားမီ၊ မင်းငါ့ကိုဘာလုပ်စေချင်သလဲ။
ဆရာ့အပေါ်မှာကိန်းဝပ်နေတဲ့ဘုရားသခင်ရဲ့ဘုန်းတော်နှစ်ဆကို ကျွန်တော့်အပေါ် ကိန်းဝပ်စေပါ။
တယ်ပြီးခက်တဲ့အရာဘဲ။ ဒါပေမယ့် ငါကောင်းကင်ပေါ်ကို ပင့်ဆောင်ခြင်းခံရစဉ် ဒါတွေကိုမင်းရရှိပါလိမ့်မယ်။
ဘုရားသခင်ရဲ့ စစ်မြင်းလှည်းဘဲ။
လေပွေလည်း တိုက်တယ်။


ဝိုး ...
ဒီမြင်းရထားဟာ လေိယနဲ့
လေိရှဲကို ခွဲလိုက်တယ်။


လေပွေထဲကနေ လေိယဟာ
ကောင်းကင်ပေါ်ကို
ပင့်ဆောင်ခြင်းခံရတယ်။


ပြီးတော့ အရာရာအားလုံးဟာ
ငြိမ်သက်သွားတယ်။ အခုတော့
လေိယဟာဘုရားသခင်
နဲ့ အတူရှိနေပြီပေါ့။
သူ့ဝတ်ရုံတစ်ခုဘဲ
ကျန်တယ်။ ဒါနဲ့ဘဲသူရေကို
ရိုက်ခွဲခဲ့တာဘဲ။










ဓမ္မရာဇဝင် (စတုတ္ထ) ၂း၁၄–၁၆